# အသက်ကယ်နည်း (CPR) လမ်းညွှန်

ငယ်ရွယ်သော ကလေးများကို ဤရေကူးကန်အား အသုံးပြုသည့်အခါ အရေးတယူ ကြီးကြပ်ပေးရလိမ့်မည်။

ရေကူးကန် တံခါးဂိတ်များကို တစ်ချိန်လုံး ပိတ်ထားရမည်။

အရာများ၊ ပစ္စည်းများနှင့် ဖွဲ့စည်းအရာများကို ရေကူးကန် အကာအရံတွင် အချိန်တိုင်း ရှင်းနေအောင်ထားပါ။

အသက်ပြန်ရှူအောင်လုပ်ပေးသည့် အသက်ကယ်နည်းလုပ်ရန် တရားဝင် ညွှန်ကြားချက်သည် မရှိမဖြစ်လိုအပ်သည်

**အသက်ကယ်နည်း (CPR) ကို ကြည့်ရှုရန် စကင်လုပ်ပါ**

ROYAL LIFE SAVING
NEW SOUTH WALES

## D — အန္တရာယ် (DANGER) ကို စစ်ဆေးပါ

သင်ကိုယ်တိုင်၊ နဘေးရှိသူများ နှင့် ဒဏ်ရာရသူ အတွက်ဖြစ်သည်။

## R — သတိရှိတုံ့ပြန်မှု (RESPONSE) ကိုစစ်ဆေးပါ

သူတို့၏ ပခုံးနှင့်လက်များကို ညစ်ကြည့်ပါ၊ ဒဏ်ရာနှင့်ပတ်သက်သည့် မေးခွန်းများကို မေးပါ။

## S — အကူအညီ လာရောက်ရန် **တောင်းခံပါ (SEND)**

သတိမရ မတုံ့ပြန်လျှင် ဖုန်း သုညသုံးလုံး **(000)** ကို ခေါ်ပါ။

## A — (AIRWAY) လေပြွန် ကို ဖွင့်ပေးပါ

ပထမဦးစွာ၊ လေပြွန်မှာ ပိတ်ဆို့မှုများနှင့်ရှင်းနေကြောင်း စစ်ဆေးပါ။ လိုအပ်လျှင် ရှင်းပေးပါ။ ယင်းနောက် ဦးခေါင်းကို စောင်းပေး၍ လေပြွန်ကို ရှင်းပေးပါ။ မွေးကင်းစကလေးများ ဦးခေါင်းကို စောင်းပေး၍ မရ။

## B — ပုံမှန် အသက်ရှူနေပါသလား (BREATHING)။

**မရှူဘူး- အသက်ကယ်နည်း (CPR)** ကိုစလုပ်ပါ - (ရှူနေလျှင်- ဒဏ်ရာရသူကို ဘေးစောင်းထားပေးပါ)။

## C — အသက်ကယ်နည်း (CPR) စလုပ်ပါ

သတိမရ မတုံ့ပြန်သည့်အပြင် ပုံမှန် အသက်မရှူလျှင် - **အချက်ပေါင်း 30 ဖိပေးခြင်းများ နှင့် ပါးစပ်ဖြင့်လေမှုတ် 2 ခါ။**

### ကလေး နှင့် လူကြီး (1 နှစ် အထက်)

**ဖိပေးခြင်းလုပ်ရမည့် နေရာ**
ရင်ဘတ် အလယ်ဗဟို၌ **လက် 1 ဖက် သို့မဟုတ် 2 ဖက်။** ရင်ဘတ်ချိုင့် **1/3** အနက်အထိ ဖိပေးပါ။



**ဖိပေးခြင်းလုပ်ရမည့် နှုန်း**
တစ်မိနစ်လျှင် ဖိပေးခြင်း **အကြိမ် 100-120** နှုန်းဖြင့် ဖိပေးပါ။



**ပါးစပ်ဖြင့် လေမှုတ်ပေးခြင်း**
**ဦးခေါင်းကို စောင်းပေး** မေးစေ့ကို ပင့်၊ ပါးစပ်ဖြင့် လေမှုတ်ပေးပါ။ လေမှုတ်ပေးသည့်အကြိမ်များအကြားတွင် ရင်ဘတ် ဖေါင်းကြွလိုက် နိမ့်ကျလိုက် ဖြစ်မဖြစ်ကို ကြည့်ပါ။



### မွေးကင်းစကလေး (0-1 နှစ်)

**ဖိပေးခြင်းလုပ်ရမည့် နေရာ**
ရင်ဘတ် အလယ်ဗဟို၌ **လက်ချောင်း 2 ချောင်း။** ရင်ဘတ်ချိုင့် **1/3** အနက်အထိ ဖိပေးပါ။



**ဖိပေးခြင်းလုပ်ရမည့် နှုန်း**
တစ်မိနစ်လျှင် ဖိပေးခြင်း **အကြိမ် 100-120** နှုန်းဖြင့် ဖိပေးပါ။



**ပါးစပ်ဖြင့် လေမှုတ်ပေးခြင်း**
ဦးခေါင်းကို စောင်းမပေးနှင့်၊ **အလိုက်သင့် အနေအထား** ဖြင့်ဆက်ထားပါ၊ မေးရိုးကို ထောက်ခံပေးပါ၊ ပါးစပ်နှင့်နှာခေါင်းကို ပိတ်ပေးပါ။ လေမှုတ်ပေးသည့်အကြိမ်များအကြားတွင် ရင်ဘတ် ဖေါင်းကြွလိုက် နိမ့်ကျလိုက် ဖြစ်မဖြစ်ကို ကြည့်ပါ။



အသက်ကယ်နည်း (CPR) ကို သတိပြန်လည်လာသည့်တိုင် သို့မဟုတ် ပုံမှန် အသက်ပြန်ရှူလာသည့်တိုင် ဆက်လုပ်ပေးပါ။ ပုံမှန် အသက်ပြန်ရှူလာလျှင် ဒဏ်ရာရသူကို ဘေးတိုက်ထားပေးပြီး လေပြွန်ပွင့်နေအောင် ထိန်းသိမ်းပေးပါ။ ဒဏ်ရာရသူကို နီးနီးကပ်ကပ် စောင့်ကြပ်ကြည့်ရှုပေးပါ။

## D — နှလုံးပြန်ခုန်အောင်လုပ်သည့်စက် (DEFIBRILLATOR) ကိုတပ်ပေးပါ

ရနိုင်သမျှ အမြန်ဆုံး၊ စက်ညွှန်ကြားသည့်အတိုင်း လိုက်လုပ်ပါ။

©2019v1